# ဗဟိုစည်းရုံးရေးကော်မတီဗမာပြည်ကွန်မြူနစ်ပါတီ

**CENTRAL ORGANIZING COMMITTEE, COMMUNIST PARTY OF BURMA**

သို့-

အလုပ်အဖွဲ့

မြန်မာနိုင်ငံကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မြောက်ပိုင်း)

မှ-

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ

အကြောင်းအရာ- (၂၈)ကြိမ်မြောက်ရှစ်လေးလုံးအရေးတော်ပုံအထိမ်းအမှတ်အခမ်းအနားအတွက် သဝဏ်လွှာပေးပို့ခြင်း

ရက်စွဲ- ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၆ ရက်။

လေးစားအပ်သည့်ရဲဘော်များခင်ဗျား-

ဦးစွာအားဖြင့် ဗမာပြည်သမိုင်း၏ ဂုဏ်ပြောင်သော စာမျက်နှာတစ်ခုဖြစ်သော ရှစ်လေးလုံးအရေးတော်ပုံအတွင်း ကျဆုံးသွားသော ပြည်သူများနှင့်ကျောင်းသားများကို သတိရအလေးပြုကြောင်း ဖော်ပြအပ်ပါသည်။ တပါတည်းတွင် ဤဂုဏ်ပြောင်သော နေ့ထူးနေ့မြတ်ကို ဂုဏ်ယူစွာကျင်းပနိုင်သော ရဲဘော်များကိုလည်း အသိအမှတ်ပြုနှုတ်ဆက်လိုက်ပါသည်။

တပါတည်းမှာပင် အရေအတွက်အတိအကျမသိရသော မြောက်မြားလှသည့်အာဇာနည်များ ကျဆုံးခဲ့ရသော၊ ထောင်ပေါင်းများစွာသော လှုပ်ရှားပါဝင်သူများ အဖမ်းခံခဲ့ရသော ဤအရေးတော်ပုံကြီး၏ မပြီးဆုံးသေးသော တာဝန်များကို ဆက်ခံသယ်ဆောင်နေသော ရဲဘော်တို့၏ ရပ်တည်ချက်နှင့် လုပ်ငန်းများကိုလည်း လေးစားအသိ အမှတ်ပြုပါကြောင်း ဖော်ပြလိုပါသည်။

ယခုလို သမိုင်းဝင်အရေးတော်ပုံ၊ လှုပ်ရှားမှုစသည်တို့ကို အထိမ်းအမှတ်ပြုကြတိုင်း ထိုအရေးတော်ပုံကြီး၏ လုပ်ငန်းနှင့်အရေးတော် မည်သည့်အခြေအနေ ဆိုက်ရောက်နေပြီနည်းဟူ၍ ဆန်းစစ်ကြမြဲဖြစ်သည်။ ယနေ့အခါ ဗမာပြည်တွင် စစ်အာဏာရှင်လက်မည်းကြီး၏ ခြေရာလက်ရာများကို မကြာခဏပင် မြင်တွေ့နေရဆဲမဟုတ်ပါလော။ ကျောင်းသားများ၊ အလုပ်သမား၊ လယ်သမားများနှင့် မီဒီယာသမားများမှာ အဖမ်းခံရမည့် ခြိမ်းခြောက်မှုအောက်တွင် နေကြရဆဲ မဟုတ်ပါလော။ စစ်အုပ်စုဆက်ခံသူတွေက ငြိမ်းချမ်းရေးစကားတွေ တဖောင်ဖောင် ပြောနေသည့် အကြားမှ စစ်တပ်က ထိုးစစ်များ မပြတ်ဆင်နွှဲနေဆဲ မဟုတ်ပါလော။

ဤသို့သော အခြေအနေမျိုးတွင် မိမိတို့အနေဖြင့် ရှစ်လေးလုံးစိတ်ဓာတ်၏ အခြေခံကျောရိုးဖြစ်သည့် ဖိနှိပ်ချုပ်ခြယ်မှုများကို ငုံ့မခံသည့်၊ မဟုတ်မခံသည့် စိတ်ဓာတ်အောင်လံကို ဆက်လက်လွှင့်ထူသွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။ ပြည်သူများအပေါ်တွင် သစ္စာရှိစွာဖြင့် အရှုံးမပေး၊ အညံ့မခံ တိုက်ပွဲဝင်သွားမည်သာဖြစ်ကြောင်း ကတိပြုပါသည်။

ယနေ့အခါ အများစု ဗမာပြည်ပြည်သူတွေ ကြုံတွေ့နေရသည့် အစားဆင်းရဲခြင်း၊ အဝတ်ခါးမလှုခြင်း၊ လွတ်လပ်စွာပြောခွင့်၊ စည်းရုံးခွင့်၊ လှုပ်ရှားခွင့်မရှိခြင်းစသည်တို့မှာ စစ်အာဏာရှင်များ ရေးဆွဲထားခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် အဓိကဖြစ်သည်ဆိုခြင်းမှာ မည်သို့မျှဝိဝါဒကွဲစရာ မရှိသောကိစ္စဖြစ်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် စစ်အုပ်စု၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သောသူ မှန်သမျှနှင့် လက်တွဲမည်ဖြစ်ကာ ယင်းဥပဒေကို ဖျက်သိမ်းရန် ဆောင်ရွက်ခြင်းမှန်သမျှကို ထောက်ခံအားပေးသွားမည်ဖြစ်ပါသည်။

ရှစ်လေးလုံးအရေးတော်ပုံထဲမှ ထွက်ပေါ်၊ ဆက်ခံ၊ သစ္စာရှိစွာ ချီတက်နေသော မြန်မာနိုင်ငံကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မြောက်ပိုင်း) သည် မိမိတို့၏တော်လှန်ရေး အသီးအပွင့်များကို ဆက်ခံထိန်းသိမ်းကာ ပြည်သူလူထုကြီးနှင့်အတူ ဆက်လက်ချီတက်မည်ဟု ယုံကြည်ကြောင်း လေးနက်စွာ ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မြောက်ပိုင်း) အခွန့်ရှည်ပါစေ။

(၂၈) ကြိမ်မြောက် ရှစ်လေးလုံးအရေးတော်ပုံအထိမ်းအမှတ်အခမ်းအနား အောင်မြင်ပါစေ။

ရှစ်လေးလုံးစိတ်ဓာတ်နှင့်အစဉ်အလာ အဓွန့်ရှည်ပါစေ။

ရှစ်လေးလုံးအာဇာနည်များ၏မပြီးဆုံးသေးသောတာဝန်များကို ဆုံးခန်းတိုင်သယ်ဆောင်သွားကြပါစို့။

ဗမာပြည်ပြည်သူများ မုချအောင်ပွဲခံရမည်။

ရဲဘော်သဖွယ်လေးစားလျက်

ဗဟိုစည်းရုံးရေးကော်မတီ

ဗမာပြည်ကွန်မြူနစ်ပါတီ